

# ဇာတ်ကောင်ရုပ် (Figure) စုဆောင်းခြင်း ဝါသနာ



ကမ္ဘာပေါ်တွင် လူအမျိုးမျိုးအဖုံဖုံကွဲပြားကြသော်လည်း လူတိုင်းတွင် အနည်းဆုံးဝါသနာတစ်ခုစီရှိသည်ကတော့ တူညီလေ့ရှိကြသည်။ ဝါသနာဟုဆိုရာတွင် လူတစ်ဦး၏ စားဝတ်နေရေးနှင့်သော်လည်းကောင်း၊ ဘဝတိုးတက်ရေးနှင့်သော်လည်းကောင်း၊ အနာဂတ်ရည်မှန်းချက်နှင့်သော်လည်းကောင်း တိုက်ရိုက်သက်ဆိုင်ခြင်းမရှိဘဲ မိမိ၏စိတ်အပန်းပြေရန် (သို့) စိတ်ပျော်ရွှင်ရန်ပြုလုပ်သော ကိစ္စရပ်များအားလုံးပါဝင်သည်။ အချို့က သီချင်းနားထောင်ရသည်ကို ဝါသနာပါသည်၊ အချို့က ရုပ်ရှင်ကြည့်ရသည်ကို ဝါသနာပါသည်၊ အချို့က ခရီးသွားလာရသည်ကို ဝါသနာပါသည် စသည်ဖြင့် မတူညီသောသူများတွင် မတူညီသောဝါသနာများရှိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဝါသနာတစ်ခုသည် လူတစ်ဦး၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ကို ထိခိုက်ခြင်းမရှိပါက ထိုဝါသနာကို ကောင်းမွန်သောဝါသနာဟုပင် ဆိုရမည်ဖြစ်ပါသည်။

ဝါသနာအမျိုးမျိုးရှိသည့်အနက် အချို့သူများတွင် အများစုနှင့်မတူညီသောဝါသနာများ ရှိတတ်ကြသည်။ ပိုးကောင်များစုဆောင်းခြင်း၊ ပုလင်းခွံများစုဆောင်းခြင်း၊ ပုလင်းအဖုံးများဖြင့် အရာဝတ္ထုများတည်ဆောက်ခြင်း အစရှိသည့် ထူးခြားသောဝါသနာရှိသူများကိုလည်း တွေ့နိုင်ပါသည်။ မည်သည့်ဝါသနာပင်ရှိရှိ ယင်းသည် ဘေးထွက်ဆိုးကျိုးမရှိဘဲ လူတစ်ဦး၏စိတ်ကို ပျော်ရွှင်ကျေနပ်မှုဖြစ်စေရန်မှာ အရေးအကြီးဆုံးအချက်ဖြစ်သည်။



လူတစ်ဦးဖြစ်သော ကျွန်တော့်တွင်လည်း ဝါသနာအနည်းငယ်ရှိပါသည်။ ထိုအထဲမှ ထူးခြားသောဝါသနာတစ်ခုအကြောင်းကို ပြောပြချင်ပါသည်။ အမှန်အတိုင်းဆိုရပါက ထိုဝါသနာမှာ ကမ္ဘာပေါ်တွင် အလွန်ထူးခြားသည်ဟု ပြော၍မရသော်လည်း မြန်မာနိုင်ငံတွင် ထိုသို့သောဝါသနာရှိသူ အနည်းငယ်သာရှိသဖြင့် ထူးခြားသည်ဟုပင်ဆိုချင်ပါသည်။ ယင်းမှာ ဇာတ်ကောင်ရုပ်များ(Figures)ကို စုဆောင်းခြင်းဖြစ်သည်။ စုဆောင်းရာတွင်လည်း စိတ်ကူးပေါက်သဖြင့် ခေတ္တခဏမျှသာ စုဆောင်းမှုပြုလုပ်ခြင်းမဟုတ်ဘဲ သေချာစနစ်တကျ လေ့လာ၍ နှစ်ရှည်လများ အစဉ်တစိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၌ သင့်တင့်သောရာထူးဖြင့်အလုပ်လုပ်နေသော ကျွန်တော့်အတွက် ထိုဝါသနာမှာ အလုပ်နှင့် လားလားမျှသက်ဆိုင်ခြင်းမရှိသော်လည်း ယင်းသည် ကျွန်တော်၏စိတ်တွင်ရှိသော ဖိအားများ၊ ညစ်ညူးနေမှုများကို ဖြေဖျောက်ပေးနိုင်သည့် ဘဝ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်လာပါသည်။

ဤနေရာတွင် ဇာတ်ကောင်ရုပ်နှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါသည်။ မြန်မာနိုင်ငံရှိလူအများစုက သာမန်ကစားစရာအရုပ်(Playing Toy)နှင့် ဇာတ်ကောင်ရုပ်(Figure)ကို အတူတူဟုထင်ကြပါသည်။ အမှန်မှာ သူတို့အကြားတွင် ကွဲပြားခြားနားမှုများရှိပါသည်။ အုပ်စုအနေနှင့်ကြည့်ပါက နှစ်မျိုးစလုံးသည် အရုပ်(Toy)ဟူသောအုပ်စုကြီးတွင် ပါဝင်သော်လည်း ထိုအုပ်စုကြီးအောက်ရှိ မတူညီသောအုပ်စုနှစ်စုဖြစ်ပါသည်။ ဥပမာအနေနှင့်ပြောရလျှင် လူနှင့်မျောက်သည် နို့တိုက်သတ္တဝါဟူသောအုပ်စုကြီးတွင် ပါဝင်သော်လည်း လုံးဝမတူညီသော အုပ်စုနှစ်ခုကွဲနေသကဲ့သို့ပင်ဖြစ်ပါသည်။

သူတို့နှစ်ခုအကြား အဓိကကွာခြားချက်မှာ သူတို့သည် မည်သည်ကို ကိုယ်စားပြုနေသည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ အကယ်၍ အရုပ်တစ်ရုပ်သည် စာအုပ်တစ်အုပ်၊ ရုပ်ရှင်တစ်ခု၊ ဗီဒီယိုဂိမ်းတစ်ခုပါ ဇာတ်ကောင်တစ်ကောင် (သို့) ပြင်ပတွင်ရှိနေသော တစ်စုံတစ်ဦးကို တိုက်ရိုက်ကိုယ်စားပြုပါက ယင်းကို ဇာတ်ကောင်ရုပ်ဟုခေါ်ရမည်ဖြစ်ပြီး၊ မည်သည်ကိုမျှ တိကျစွာကိုယ်စားပြုခြင်းမရှိဘဲ လူ၊ ယောက်ျား၊ မိန်းမ၊ ခွေး၊ ကြောင် စသည်ဖြင့် တစ်ခုခုကို ယေဘုယျဆန်သောသဘောဖြင့်သာဖော်ပြပါက ယင်းကို သာမန်အရုပ်ဟုသာခေါ်ရပါမည်။ ဥပမာတစ်ခုထပ်ပေးရလျှင် ရိုးရိုးအနီရောင်ပြိုင်ကားအရုပ်ကို သာမန်အရုပ်အဖြစ်သာ သတ်မှတ်ရမည်ဖြစ်သော်လည်း အကယ်၍ ထိုအရုပ်သည် ဒစ်စနေးကုမ္ပဏီမှထုတ်လုပ်သော Cars အမည်ရှိ ကာတွန်းကားမှ အဓိကဇာတ်ကောင်ဖြစ်သော အနီရောင်ပြိုင်ကားလေး Lightning McQueen ကိုကိုယ်စားပြုပါက ယင်းသည် ဇာတ်ကောင်ရုပ်ပင်ဖြစ်သည်။

ဇာတ်ကောင်ရုပ်များသည် ပုံသဏ္ဍာန်နှင့် အရွယ်အစားအမျိုးမျိုးရှိပြီး ပစ္စည်းအမျိုးမျိုးနှင့် ပြုလုပ်ထားလေ့ရှိသည်။ အရွယ်အားဖြင့် တစ်လက်မခန့်မှစ၍ လူတစ်ရပ်ကျော်အထိရှိနိုင်သလို ပုံသဏ္ဍာန်အားဖြင့် ဇာတ်ကောင်တစ်ကောင်၏ ပုံစံအတိုင်း အတိအကျပြုလုပ်ထားခြင်းမှ Chibi (သို့) Super Deformed ခေါ် ခေါင်းကြီးကိုယ်သေးပုံစံများအထိရှိပါသည်။ ယင်းတို့ကိုပြုလုပ်ရန် အဓိကသုံးသောပစ္စည်းမှာ ပလပ်စတစ် (PVC နှင့် Vinyl) ဖြစ်သော်လည်း သစ်သား၊ သတ္တု၊ ကျောက် စသည်တို့ဖြင့်ပြုလုပ်ခြင်းများလည်းရှိပါသည်။ ဈေးနှုန်းကိုကြည့်မည်ဆိုပါက မြန်မာငွေရာဂဏန်းမှစ၍ သိန်းပေါင်း



များစွာတန်သည်အထိ ရှိနိုင်ပါသည်။

အချို့က ဇာတ်ကောင်ရုပ်များသည် ကလေးများအတွက်သာဖြစ်သည်ဟု ထင်တတ်ကြသည်။ သို့ရာတွင် နိုင်ငံတကာ၌ ဇာတ်ကောင်ရုပ်အတော်များများကို အသက် ၁၃ နှစ်(သို့) ၁၈ နှစ်အထက်ရှိသူများအတွက်ရည်ရွယ်၍ထုတ်လေ့ရှိကြောင်း တွေ့နိုင်သည်။ ထို့ပြင် ဇာတ်ကောင်ရုပ်စုဆောင်းသူများအတွက် နှစ်စဉ်နှစ်တိုင်း သီးသန့်ရည်ရွယ်၍ ဈေးနှုန်းမြင့်မားပြီး အလွန်တိကျလှပသော ဇာတ်ကောင်ရုပ်များကို ထုတ်လုပ်လေ့ရှိကြပါသည်။ ယခုအခါ နိုင်ငံတကာတွင် ဇာတ်ကောင်ရုပ်စုဆောင်းခြင်းကို ဝါသနာတစ်ခုအဖြစ်သာမက ကျွမ်းကျင်မှုပညာရပ်တစ်ခု၊ စီးပွားဖြစ်လုပ်နိုင်သော လုပ်ငန်းတစ်ခုအဖြစ်ပါ လက်ခံလာကြပြီဖြစ်သည်။



အထက်တွင် ဖော်ပြခဲ့သလို အရောင်အသွေး၊ ပုံသဏ္ဍာန်အမျိုးမျိုးရှိနေသော ဇာတ်ကောင်ရုပ်များသည် ကျွန်တော့်ကို လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ ဖမ်းစားနိုင်ခဲ့ပြီး ထိုအချိန်မှစ၍ ယင်းတို့ကိုစုဆောင်းခဲ့ပါသည်။ ငယ်စဉ်ကတည်းက ဗီဒီယိုဂိမ်းကို စွဲမြဲစွာကစားခဲ့သောအချက်ကလည်း ထိုဗီဒီယိုဂိမ်းများတွင်ပါသော ဇာတ်ကောင်များ၏ ဇာတ်ကောင်ရုပ်များကို စုဆောင်းရန် တွန်းအားပေးခဲ့ပါသည်။ ယခုအခါ ဗီဒီယိုဂိမ်းကစားခြင်းနှင့် ဇာတ်ကောင်ရုပ်စုဆောင်းခြင်းတို့သည် ကျွန်တော့်အတွက် ခွဲခြား၍မရသောဝါသနာများဖြစ်လာပြီး နေ့စဉ်ဘဝတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများကို စိတ်ကြည်လင်ပေါ့ပါးစွာနှင့် ရင်ဆိုင်နိုင်ရန် ကူညီပေးနေသည့်အချက်ပါ ဖြစ်လာပါသည်။

လောကတွင် မည်သည့်အရာ၌မဆို တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ကောင်းသည့်အချက်ရှိသလို၊ မကောင်းသည့်အချက်လည်းရှိပါသည်။ ဇာတ်ကောင်ရုပ်စုဆောင်းခြင်း၏ အဓိကအားနည်းချက်မှာ ငွေကုန်ကြေးကျများခြင်းဖြစ်သည်။ ယင်းတို့သည် သာမန်အရုပ်များထက် ဈေးနှုန်းကြီးမြင့်လေ့ရှိပြီး တရားဝင်လိုင်စင်ယူ၍ ထုတ်လုပ်ထားသော ဇာတ်ကောင်ရုပ်တစ်ရုပ်ကို မြန်မာငွေသောင်းဂဏန်းမပေးဘဲ ဝယ်၍မရနိုင်ပေ။ အကယ်၍ မိမိတွင် လုံလောက်သောငွေကြေးမရှိဘဲ ဇာတ်ကောင်ရုပ်များကို အလွန်အကျူးဝယ်ယူစုဆောင်းပါက မလိုလားအပ်သောပြဿနာများဖြစ်လာနိုင်ပါသည်။ ကျောင်းစာအပျက်ခံ၊ အလုပ်အပျက်ခံပြီး ရုပ်ရှင်ကြည့်ခြင်း၊ ဗီဒီယိုဂိမ်းကစားခြင်းတို့ကဲ့သို့ပင် ဘေးထွက်ဆိုကျိုးများဖြစ်လာနိုင်ပါသည်။ မိမိတတ်နိုင်သော ငွေကြေးပမာဏနှင့်ကိုက်ညီသည့် ဇာတ်ကောင်ရုပ်များကို ရှာဖွေစုဆောင်းခြင်းသည်သာ အမှန်တကယ် စိတ်ပျော်ရွှင်မှုပေးနိုင်သည့် ဝါသနာတစ်ခုဖြစ်လာမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် နိုင်ငံတကာတွင် လူအများသိသည့် ဇာတ်ကောင်ရုပ်စုဆောင်းခြင်းကို ဝါသနာတစ်ခုအနေနှင့် မြန်မာနိုင်ငံတွင် သိသူများစွာမရှိသောကြောင့် ထိုအချက်နှင့်ပတ်သက်၍ ပိုမိုသိရှိလာစေရန်မှာ ဤစာကိုရေးရခြင်း၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ ထို့ပြင် ကောင်းမွန်သောဝါသနာတစ်ခုသည် ဘဝကိုရင်ဆိုင်နိုင်ရန် အထောက်အကူပြုသည်ဟုလည်းယုံကြည်သဖြင့် ကျွန်တော်၏ အများနှင့်မတူသောဝါသနာတစ်ခုကို ပြောပြချင်သည့်သဘောလည်းပါ,ပါသည်။ နောင်တွင် ကျွန်တော်ကဲ့သို့ ဝါသနာရှိသူများအနေနှင့် ကျွန်တော်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ မလိုအပ်သည့် ငွေကြေးပိုမိုကုန်ကျမှုများကို ရှောင်ရှားနိုင်ရန် ကျွန်တော့်အနေနှင့် အကြံဉာဏ်များပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

*athzem*